www.burmeseclassic.com





အိပ်မက်များစွာကို မက်ကြပါတယ်၊ သင် မမှတ်မိလို့သာ အိပ်မက် မမက်ဘူးလို့ ပြောပါလိမ့်မယ်။ တကယ်တော့ အိပ်မက်တွေ မက်ပြီး ကိုယ်တိုင်က မမှတ်မိခြင်းသာ ဖြစ်ပါတယ်။

တစ်ခါတလေမှာတော့ ကိုယ့်ရဲ့သိစိတ်ဟာ အိပ်မက်ထဲမှာ နိုးတစ်ဝက်ဖြစ်နေလို့ ကိုယ်ဘာအိပ်မက်မက်တယ်ဆိုတာ နိုးလာပြီးချိန်မှာ လူတွေ မှတ်မိနေကြတာ ဖြစ်ပါတယ်၊

## ကြိုတင်ပြင်ဆင်ခြင်းနဲ့ အိပ်မက်ပြန်ခေါ်ခြင်း

သင်ဟာ အိပ်မက်များကို ပြန်ခေါ်ခြင်းအဆင့်ကို အောင်မြင်စွာ လုပ်ဆောင်နိုင်ဖို့အတွက် ကြိုတင်ပြင်ဆင်ထားခြင်းများကိုတော့ လုပ်ဆောင်ထားရပါမယ်။ ပထမဆုံး ကိုယ့်ရဲ့ခန္ဓာကိုယ်ကို သက်သောင့်သက်သာဖြစ်အောင် အရင်ဆုံး လုပ်ပါ။ ခန္ဓာကိုယ်ကို အိပ်ရာပေါ်မှာ ဆန့်ဆန့် လှဲနေလိုက်ပါ။

အဲဒီအချိန်မှာ ကိုယ့်ရဲ့စိတ်တွေဟာ ဘယ်အရာကိုမှ တွေးမနေဘဲ တစ်ကိုယ်လုံး ပေါ့ပါးနေအောင် စိတ်လျှော့အနားယူထားပါ။ မအိပ်ခင်မှာ အစာစားဖို့ မလိုသလို၊ မစားဘူးလို့လည်း ကိုယ့်ကိုကိုယ် တားမြစ်ထားစရာ မလိုပါဘူး၊ ကိုယ် ကြိုက်သလို လုပ်ဆောင်နိုင်ပါတယ်၊

တချို့ကတော့ အစားအသောက်တွေဟာ အိပ်မက်ဆိုးတွေကို ပေးတယ်လို့ ပြောကြပါတယ်။ မြန်မာအခေါ်အရ သွေးတက်စာတွေ စားပြီး အိပ်ရင် အိပ်မက်ဆိုးတွေ မက်တတ်တယ်လို့ ပြောကြပါတယ်၊ ကျွန်ုပ်ကိုယ်တိုင်လည်း တစ်ခါတလေ မအိပ်ခင် အစားစားတဲ့အတွက် အစာမကြေဖြစ်ပြီး အိပ်မက်ဆိုးတွေ မက်ဖူးပါတယ်။







အစာမကြေရင် ကောင်းကောင်း အိပ်မပျော်ပါဘူး။ အဲဒီအချိန်မှာ နိုးတစ်ဝက်ဖြစ်နေလို့ အိပ်မက်ကို မှတ်မိနေကြတာ ဖြစ်ပါတယ်၊ ကျွန်ုပ်တို့ရဲ့အခုအဆင့်က အိပ်မက်ဆိုးတွေနဲ့ မဆိုင်ပါဘူး။ အဓိက,က ကိုယ့်ရဲ့ညမှာမက်တဲ့ အိပ်မက်ဟာ ဘာအိပ်မက်တွေဖြစ်သလဲဆိုတာကို ပြန်ခေါ်၊ ပြန်လေ့လာကြည့်တဲ့ အိပ်မက်ပြန်ခေါ်ခြင်းအဆင့်ကို သွားမှာ ဖြစ်ပါတယ်၊

ဒါကြောင့် မအိပ်ခင် အဆင့်မှာ အစာ စားချင်လည်း စားနိုင်သလို၊ မစားလည်း ရပါတယ်၊ ကြိုက်သလို လုပ်ပါ။ ပိုကောင်းတဲ့အချက်တစ်ခုကတော့ မအိပ်မီ ကိုယ် ဘာစားတယ်ဆိုတာကို ပြောင်း,ပြောင်းစားပြီး ဘယ်လိုအိပ်မက်မျိုးတွေ မက်သလဲဆိုတာ လေ့လာနိုင်ပါတယ်၊

ပြီးရင် ကိုယ့်ရဲ့အိပ်ရာဘေးမှာ စာအုပ်နဲ့ ဘောလ်ပင်ကိုထားပြီး အလွယ်တကူ ရေးချနိုင်အောင် စီစဉ်ထားရပါမယ်၊ သင်ဟာ အိပ်မက်က ပြန်နိုးလာတဲ့အချိန်မှာ ဘာအိပ်မက်,မက်တယ်ဆိုတာကို ကိုယ်မှတ်မိသလောက် ချရေးဖို့ ဖြစ်ပါတယ်၊

## တစ်ညတာ အိပ်မက်များအား သုံးသပ်ခြင်း

ကြိုတင်ပြင်ဆင်တာတွေ အားလုံး လုပ်ပြီးပြီဆိုရင်တော့ သင်ဟာ အိပ်စက်ပြီး အိပ်မက်,မက်ပါတော့မယ်၊ ဒီနေရာမှာလည်း သင်ဟာ အိပ်မက်ထိန်းချုပ်ခြင်း အဆင့်တုန်းကလို မအိပ်ခင်၊ အိပ်မပျော်မီမှာ –

"ငါဟာ ငါ မက်တဲ့ အိပ်မက်တွေ အားလုံးကို မှတ်မိနေရမယ်၊ ငါ

www.burmeseclassic.com





အိပ်မက်တွေ အားလုံးကို မှတ်မိနေရမယ်" လို့ အိပ်စက်ခြင်းနဲ့ မအိပ်မီ ထဲ
ကြား Awake State မှာအကြိမ်ကြိမ် ပြောပေးနေရမှာ ဖြစ်ပါတယ်၊ ထပ်ခါ
ထပ်ခါ မရွတ်ချင်ရင်တော့ ကိုယ့်အသံကို သွင်းထားပြီး မအိပ်မီမှာ ကိုယ့်
နားထဲမှာ ကြားနေအောင် လုပ်ဆောင်ပါ၊

ဒီလိုနဲ့ သင်ဟာ အိပ်ပျော်သွားပါလိမ့်မယ်၊ အိပ်မက်.မက်ပါလိမ့်
မယ်၊ ပြီးရင် နာရီဝက်၊ တစ်နာရီလောက်အကြာမှာ သင့်ကို ပြန်နိုးနိုင်တဲ့
Device တစ်ခုခုနဲ့ အိပ်မက်ကနေ ပြန်နိုးရပါလိမ့်မယ်၊ အိပ်မက်တစ်ခု
မက်ပြီး အောင်မြင်စွာ နိုးလာတယ်ဆိုရင် ကိုယ်မှတ်မိသလောက်တွေကို
အသေးစိတ် ချရေးပါ၊

ဒီအခါမှာ သင်ဟာ ဘယ်လိုအိပ်မက်မျိုးတွေ မက်တယ်ဆိုတာ
ကို ကောင်းကောင်း သိလာပါလိမ့်မယ်၊ အိပ်လိုက်၊ ပြန်နိုးလိုက်နဲ့ ကိုယ့်ရဲ့
အိပ်မက်တွေကို ဒီနည်းနဲ့ အကောင်းဆုံး လေ့လာနိုင်မှာပဲ ဖြစ်ပါတယ်၊

ဒီအဆင့်မှာတော့ သင့်ရဲ့အိပ်မက်ဟာ . . အဖြူအမဲနဲ့လား
အရောင်နဲ့လားဆိုတာကို သိဖို့လိုအပ်လာပါပြီ၊ တကယ်လို့ သင်ဟာ
အိပ်မက်.မက်ပြီး အိပ်မက်ထဲမှာ အရောင် အဆင်းပါတယ်၊ ဘာအရောင်
တွေလဲလို့ မြင်နေရရင် သင့်မှာ ခန္ဓာကိုယ်ကနေ နာမ်ခွာပြီး ကိုယ့်ရဲ့ရုပ်
ကိုယ်ပြန်ကြည့်၊ ပြန်မြင်ရတဲ့ ခန္ဓာကိုယ် အပြင်ဘက်ကိုထွက်တဲ့ အဆင့်
ကို ကိုယ်တိုင် မသိရှိဘဲ ရောက်နေပါပြီ၊







**အရောင်အဆင်းနဲ့ နာမ်ခွာခြင်း**

အဲဒါဟာ ဝိညာဉ်လွင့်
ခြင်းအဆင့် ပဲဖြစ်ပါတယ်၊
ဘတ်ရှိအဆင့်မှာတော့ အဲဒီ
လောက် အထိ ကျွန်ုပ်တို့
သွားသေးပါဘူး၊ ဒီအဆင့်
တွေ နောက်စာမျက်နှာတွေ
မှာ ပါဝင်လာမှာ ဖြစ်ပါတယ်၊
လောလောဆယ်က သင်ဟာ
အိပ်မက်ပြန်ခေါ်ခြင်းအဆင့်
သင့်ရဲ့အိပ်မက်ဟာ အဖြူ
အမဲလား၊ အရောင်အဆင်းနဲ့
လားဆိုတာကိုသာ အရင်ဆုံး
သိအောင် လုပ်ဖို့သာ လိုပါလိမ့်မယ်၊

အိပ်မက်ကနေ ပြန်နိုးလာပြီဆိုရင်လည်း စာဖြင့်ရေးမှတ်ခြင်း ဒါ
ဟာလည်း အရေးကြီးပါတယ်၊ ကိုယ့်ရဲ့တစ်ညတာမှာ မက်တဲ့ အိပ်မက်
တွေကို ဒီနည်းနဲ့ သုံးသပ်ကြည့်ရမှာ ဖြစ်ပါတယ်၊ အဲဒီအခါမှာ သင်ဟာ
အိပ်မက် ဘယ်နှကြိမ် မက်သလဲဆိုတာကို သိရှိလာမှာ ဖြစ်ပါတယ်၊

ကျွန်ုပ်ကတော့ တစ်ညဉ့်ကို (၁၀)ကြိမ်ကနေ (၁၅)ကြိမ်အထိ
အိပ်မက်.မက်ပါတယ်၊ တစ်ခါတလေ ပိုတောင်ပိုပါသေးတယ်၊ လူတိုင်း
ဟာ ညဉ့်စဉ်ညဉ့်တိုင်း အိပ်ပျော်သွားချိန်မှာ အိပ်မက်တွေကို အကြိမ်ကြိမ်
မက်ကြပါတယ်၊ ဒါကို ကြိုးစားပြီး မလေ့လာကြသေးလို့ မသိရှိကြတာ ဖြစ်
ပါတယ်၊ တချို့က နိုးတစ်ဝက် အိပ်မက်လောက်သာ မှတ်မိကြတာ ဖြစ်ပါ
တယ်၊

သင်ကတော့ အိပ်မက်အားလုံးကို မှတ်မိအောင်ကြိုးစားပါ၊ ပြီး
တော့ ဘာအိပ်မက်တွေ . မက်သလဲဆိုတာကို ရေးမှတ်ရမယ့် ပညာရပ်
အဆင့်တဲ့ အဆင့်ကို သွားရမှာ ဖြစ်ပါတယ်၊ ဘာလို့လဲဆိုတော့ ဒီအိပ်မက်
အဆင့်တို့ သင်ပိုင်နိုင်နေတော့မှသာ နောက်ပိုင်းလာတော့မယ့် ဝိညာဉ်



www.burmeseclassic.com

www.burmeseclassic.com





"အချစ်နဲ့ မျှစ်မှာ မတရားတာ
မရှိဘူး. . ဦးသျှပဲ။
သွက်သွားစေတော်မူပဲ. . ညှင်း ညှင်း"
"လာထား"
"ဟိုင်းယား(စ်)"
"ကောင်မစုတ်"
"ကောင်မပဲ့"
မိုးထဲ ရေထဲတွင်
ဖိုက်ကြလေတော့၏ ။

ရာသီကား ပြာရီနေ၏။

ခြေဆော့ လက်ဆော့နိုင်သော လေပြေ၏ ထတ်ဆော့မှုကြော
စိတ်လေနေသော သစ်ရွက်များသည် မြော့မြော့ကလေး ကြွေနေ၏။

ရွာထိပ်တွင် ဇရပ်အိုကြီး ရှိ၏ ၊ ညီအစ်မနှစ်ယောက် ထိုင်နေ
လေ၏၊ အတော်အတန် ချောမောကြပေ၏တကား။

မမကြီးက ချစ်လှစွာသော ချစ်ညီမလေးအား သန်းရှာပေးနေ၏ ၊
ဆံပင်ကို ကျစ်ဆံမြီး ကျစ်ပေးလေ၏။ ရွာထဲက နောများအကြောင်း ပြော
ကာ ခိခိရယ်ကြလေ၏၊ ညီမလေးက ချစ်မမကြီးအား ကြင်နာစွာ နိုပ်န
ပေးပြန်လေ၏။

ကြင်နာကြပါပေ၏တောင်း။ ယုယကြပါပေ၏တောင်း။ ချစ်ကြ
ကြပါပေ၏တကား။ သို့အခိုက်မှာပင် –

မိုးမင်းဒေဝတာသည် သာယာသော ကမ္ဘာကို ကြည့်ကာ မနာ
တိုရှုည်ဖြစ်လာဟန်တူ၏ ၊ မိုးကို ဖြောကနဲ ရွာချလိုက်ပေတော့၏တကား

အဲ့မှာပဲ –





မြင်းညိုကြီးပေါ်မှာ လွှားကနဲ ခုန်ဆင်းလာသော လူတစ်ယောက်
သည် ဇရပ်ရှေ့သို့ ဝေါက်ကနဲ ရောက်လာချေ၏ ၊ အခြားသူ ဟုတ်ရိုးလား၊
ညိုထွားကြီး ဝနပင်တည်း။

ဝနသည် ဇရပ်ပေါ်တွင်ရှိသော ညီအစ်မနှစ်ယောက်ကို ဘဝတ်က
နဲ လှမ်းရှိုး၏ ၊ ဇရပ်ထောင့်သို့သွားကာ ပယ်ပယ်နယ်နယ် ထိုင်ချ၏ ၊ အင်
တိနှင့် ထုပ်လာသည့် ထမင်းထုပ်ကို ဖွင့်၏။

လက်သီးဆုပ်ခန့်ရှိသော ဝက်သားနှစ်တုံးပါ၏ ၊ ငါးပိထောင်းပါ
၏၊ ဒညင်းသီးပြုတ်များပါ၏၊ ဟင်းအနှစ်များဖြင့် ထမင်းကို နယ်၏၊ ဝက်သား
ကို ဖဲ့ကာ ထမင်းတွင်မြှုပ်၏ ၊ အားရပါးရ လွေး၏ ၊ ပြီးနောက် ဒညင်းသီး
ပြုတ်ကို ငပိတောင်းနှင့် လွေးပြန်လေ၏ တကား၊ ပလုပ်ပလောင်း၊ အားရ
ရ ခေါင်းကိုမဖော်တာ။

အစာနင်လာသဖြင့် ဘူးခါးမှရေကို မော့သောက်ပြန်လေ၏၊

ပွက်ပွက်ညံနေသော အသံများကို မထင်မှတ်ဘဲ ကြားရလေ၏ ၊
သည်းပေါက်မတတ် ချစ်လွန်းလှစွာသော ညီအစ်မနှစ်ယောက်ထံမှ
လေ၏ ၊ လွန်ခဲ့သော အခိုက်အတန့်ကလေးက လွန်စွာမှ ကြင်နာ ယုယ
ကြသော ညီအစ်မနှစ်ယောက်၏ ဟန်ပန်စတိုင်ကား အော်တို ပြောင်းသွား
လေပြီတကား။

ချစ်ညီမလေးသည် အကျီကို လက်မောင်းအရင်းထိ ပင့်တင်ကာ
"ဘတ်" ခေါက်၏ ၊ ချစ်မမကြီးကလည်း မရှော့ပါ၊ ထဘီကို တိုတို ပြင်ဝတ်
ဖနောင့်ပေါက်၏ ဖျက်လုံးတွေက ဝင်းဝင်းတောက်လို့ စားမတတ် ဝါး
တတ်ဆိုတာ အဲ့တာပါပဲ။

မမကြီးက စလောင်းကွဲသံကြီးဖြင့် –

"စုရှုပ်မှ နောင်ရှုပ်းအေ့"

ချစ်ညီမလေးက မခန့်တဲ့အထာဖြင့် –

"ပြောကြည့်လိုက် . . ရင်ထဲ ပေါ့သွားတာပေါ့"

ချစ်မမကြီးက သူ့ဟာသူ အစာကောက်နေသော လူညိုထွားကြီး
ကို စေ့ဖိုက်ကြည့်ကာ စေမာန်သံကြီးဖြင့် –

"မုန့်ကို ပေးကျွေးမယ်၊ ဒါကြီးတော့ ပေးမကျွေးနိုင်ဘူး . . နိုးဖဲ"



www.burmeseclassic.com

www.burmeseclassic.com





"ကျွတ်(စ်)"

ဟုဆိုကာ ဝနက အိတ်
လေးထဲမှ ရွှေဒင်္ဂါး ငါးပြား ထုတ်ပေး
သည်။ မုန်းရဲ့ အငိုမျက်နှာလေး
သည် အပြုံးတို့ဖြင့် လက်လက်
သွား၏။ ဘာမှကို မပြောတော့တ
ဝနက -

"ဗုံမဟုတ် .. ပတ်မဟုတ်
.. အလုံးအပြားတွေ အနိုင်ကျ
သမျှကို လည်စင်းခံနေတဲ့ ခင်ဗျာ
တို့ ရွာကို မှတ်တောင် ထားရဦးမယ်
.. ယောကျ်ားတွေ ပုဆိုးမဝတ်နဲ့
ထဘီဝတ်ကြ ဟွင်း ဟွင်း"

သူကြီးမင်းက -

"သူတို့အစွမ်းကို မသိသေးလို့ မောင်ရင်က ဒီစကားမျိုးပြော
ထွက်တာပါကွယ်"

သူကြီးမင်းသား လူရာဝင်က -

"ကိုယ်စံပညာ အရမ်းတော်တယ်၊ အခုကြည့် .. ကောင်းကင်မှ
ပျံနေကြပြီ .. အုန်းလက်ကိုစီးပြီး ပျံနေကြတာနော်"

မုန်းက သူ့ရည်းစား လူရာဝင်ကို မျက်စောင်းထိုးကာ -

"သူတို့မသိဘဲ ယောကျ်ားယူလို့ မရဘူး .. မိန်းမယူလို့ မရဘူး
တော်ရေ့"

ဝနက -

"အံ့ဩစရာပဲ"

သူကြီးမင်းက ထောင်တက်နေသော နှုတ်ခမ်းမွှေးကို သပ်ကာ

"မောင်ရင် စိတ်ဝင်စားမယ်ဆိုရင် ကျုပ်ရွာရဲ့သောကတွေကို
ပြောပြမယ်"

ဝနက -





"ပြောကြည့်လေ"

❖

တောဝနေကား လွန်စွာမှ ထူပိန်းလှချေ၏။ တောတို့၏ ဘိုးအေ
...ဝန္တာထက် စီနီယာကျချေ၏တကား။ ကျားပျံ၊ ဆင်ပျံ၊ ရှူးပျံတို့
...င်လည်း ကျက်စားတတ်ကြသည်ဟု ပက်ပင်းတိုးခဲ့ရသူများက အခြား
...များကို လေလုံးထွားကျလေ၏တကား။

အနီရောင် ဝမ်းဆက်၊ ဆေးတောင်ဝှေးနှင့် ဖေဖော်ရီသည်
...ကောင်းကင်မှ ဝဲပျံလာချေ၏။ အနီတောအုပ်အတွင်းသို့ သုတ်ကနဲ သက်
...င်းလိုက်ချေ၏။ ပြီးနောက် သစ်ဥ၊ သစ်ဖုများ ရှာဖွေ၏။ ဆေးကြိတ်၏။

ကိစ္စဝိစ္စများ ပြီးလတ်သော်အခါ ဖေဖော်ရီသည် သူယောင်ပင်
...ကြီးအောက်သို့သွားကာ တွဲရွဲကျနေသော သူယောင်သီး မိန်းမပုံစံများကို
...တ်ရှိုးလေတော့၏။

ဆေးကြိမ်လုံးဖြင့် ထောက် .. လူသားအဖြစ် အသက်သွင်းပြီး
...တော့ ဒန် .. တန် .. တန် .. ရန် ဖြစ်လေ၏တကား။

ဖေဖော်ရီသည် ဆောင့်တက်လာသော တံတွေးကို "ဂလု" ကနဲ
...မြိုချလိုက်လေ၏။ ရှိုက်ဖိုကြီးငယ် အသွယ်သွယ်နှင့် သူယောင်သီးကို တွေ့
...ထိတ်ရသောကြောင့်ပေတည်း။

ဖေဖော်ရီသည် သူယောင်သီးအား ဆေးကြိမ်လုံးဖြင့်တို့ရန် ရွယ်
...၏။ အဲ့မှာပဲ -

"ဒီအရွယ် × × × ဥဥတို့အရွယ် × × × ဒန် ... တန် ... တန် ... ဒန်"

တောထဲသို့ ပန်းရုံးထွက်လာသော အလန်းဖယား။ ဇလန်း ဇလန်း
...လေး စာဥပင်တည်း။ စာဥကလေးသည် စမ်းချောင်းနံဘေးတွင် ပန်းများ
...ကို အသာအယာ ချ၏။ စိတ်လွတ်ကိုယ်လွတ် ရေချိုးရန်အတွက် အဝတ်
...အစားများကို -

"အိုက်(စ်) ရှားပါး"

ဖေဖော်ရီ သူယောင်သီးကို သတိမရတော့ပါ။ စမ်းချောင်းအနီး
သို့ တိုးကပ်သွားလေ၏။

www.burmeseclassic.com





။
ဒီနည်းတွေက . .
အခုခေတ် ဗေဒင်ဆရာတွေ
ထွင်ထားတာ မဟုတ်ဘူး . .
ဟိုး . . ရှေးရှေး . .
ဘုရားရှင် ကိုယ်တော်မြတ်
လက်ထက်ကတည်းက ပေါ်ပေါက်
ဗေဒင်ပညာရှင်ကြီးများရဲ့
လက်တွေ့ . . အောင်မြင်ခဲ့တဲ့
ယတြာတွေကွ . .။
နန်းရှေ့
ပုဏ္ဏားဘကွန်း

ကျွန်တော် "နန်းရှေ့ပုဏ္ဏားဘကွန်း" ကို မျှော်နေသည်မှာ ရက်ပေါင်း (၆၂)ရက်ရှိသွားပြီ ဖြစ်၏။ ပုဏ္ဏားဘကွန်းတစ်ယောက် ကျွန်တော် အိမ်ရှေ့သို့ ရောက်မလာသည်မှာ နှစ်လတင်းတင်းပြည့်ခဲ့ပြီ ဖြစ်၏။

မျှော်နေရခြင်း၏ အကြောင်းရင်းများမှာ -

၁) ကွဲနေသော အိမ်ထောင်များ ပြန်ပေါင်းရန်၊

၂) အပြိုင်အဆိုင် အနိုင်ရရန်၊

၃) အိမ်မှ ပျောက်ဆုံးသွားသော လူများ၊ အိမ်မှ စိတ်ဆိုးပြီး ထွက်သွားသူများ၊ အိမ်သို့ ပြန်လာရန်၊

၄) ရာထူးတိုးပြီး မပြောင်းရွှေ့ရရန်၊

၅) ငွေဝင် လာဘ်ရွှင်ယတြာ၊

၆) လင်ချစ်၊ မယားချစ် ယတြာ၊

၇) ကြွေးတောင်း ယတြာ၊

၈) ဈေးရောင်းကောင်းတဲ့ ယတြာ၊





၉) မုန့်လုံးရေပေါ်မုန့်ဖြင့် ဆုံးရှုံးသွားသော ငွေကြေးများ၊ ပြန်လည် ပေါ်ပေါက်လာရန် (လာဘ်ပွင့် ငွေရွှင်ယတြာ) တို့ကို သိချင်သောကြောင့် ဖြစ်၏။

အမှန်ပြောရရင် ဂမ္ဘီရစာရေးဆရာ လုပ်၍စားရသည်မှာ မလွယ်။ ပို၍ဆိုးသည်မှာ ကျွန်တော့်လို ဗေဒင်မတတ်သူများအတွက် ပို၍ ခက်ခဲ၏။

စာဖတ်ပရိသတ်သည် ဂမ္ဘီရစာရေးဆရာများကို (ဘိုးတော်)များ ထင်မြင်ယူဆကြ၏။ ထင်မည်ဆိုလည်း ထင်လောက်သည်။ အချို့သော ဂမ္ဘီရစာရေးဆရာများသည် သူတို့ကို သူတို့ ဗုဒ္ဓမြတ်စွာဘုရားထက်ပင် အသိအမြင် ပေါက်ရောက်နေကြသယောင်၊ အကြောင်းအကျိုး ဆီလျော်သည်၊ မဆီလျော်သည် သတိမထား၊ လွန်လွန်ကဲကဲ ကိုယ့်ကိုကိုယ်မွှန်းမြှောက်ခေးတတ်ကြ၏။

ရေနစ်နေသူတစ်ယောက်သည် အသက်ဘေး ချမ်းသာလို ချမ်းသာငြား၊ အသက်ရှင်လို၍ ရေအောက်ကြမ်းပြင်တွင်ရှိသော မြက်တစ်ပင်ကိုပင် ဆုပ်ကိုင်ထားဘိသကဲ့သို့၊ အကြောင်းတစ်ခုခုကြောင့် ဒုက္ခရောက်နေသူများသည် ဤကဲ့သို့ အမွှန်းကောင်းသော (ဗေဒင်)ဆရာကို အားကိုးကြ၏။ ထိုအခါတွင် (လူသေ၏လက်ထဲမှ ငွေ)ကို လွယ်ကူစွာ ဖြည်၍ ယူသကဲ့သို့ (ယတြာ)ကြေးများကို တနင့်တပိုး တောင်းယူကြတော့၏။

ဤကဲ့သို့ ဘေးမှလွတ်ကင်းရန်အတွက် ကျွန်တော်သည် ယတြာနည်းကောင်းများ ရရန်၊ နန်းရှေ့ပုဏ္ဏားဘကွန်းကို မျှော်နေမိခြင်း ဖြစ်၏။

တစ်နေ့တွင် ကျွန်တော်၏ဝတ္ထု (သွေးပုတ်ဖောက်သော ဆူး) ဝတ္ထုကို ဗီဒီယိုဇာတ်ကား ရိုက်ကူးရန် ရောင်းရ၏။ ထိုဝတ္ထုကို ကျိုက်ထီးမြို့တွင် ရိုက်မည်ဟုပြောရာ ဇာတ်ညွှန်းပါအပ်သဖြင့် ကျွန်တော်လိုက်ပါသွားသည်။

ရောက်လျှင်ရောက်ချင်း ကျွန်တော်သည် ကျိုက်ထီးရိုးစေတီသို့ တက်သွားခဲ့ရာ၌ ကျိုက်ထီးရိုးစေတီရင်ပြင်ပေါ်ရှိ ပိုက်ဆံမပေးရဘဲ တည်းခိုနိုင်သော မှော်ရုံကြီးတွင် တစ်ယောက်စာ၊ နေရာယူလိုက်သည်။

ကျိုက်ထီးရိုးဘုရားတွင် ရေရှား၏။ ကျွန်တော် ကိုယ်ပတ်သန့်

www.burmeseclassic.com



ရွှေပုဏ္ဏားဘကွန်း

စင်ရန် အတွက် တစ်ထွာသာသာရှိသော ဘာလီချိုင့် ရေတစ်ပုံးလျှင် (၅၀၀)ပေး၍ (၁၀၀၀)ဖိုး ဝယ်ကာ ဖုံသဲ သန့်စင်ယုံ၊ ရေကို ချိုးလိုက်ပြီး ပထမစေတီကို ဦးခိုက်ပြီးနောက် လိုရာဆန္ဒတောင်းဆိုရန် (ကျိုးကန်း ပါးစပ်)သိုက် ရှိရာသို့ ထွက်ခဲ့၏။

ကျိုးကန်းပါးစပ်ထဲသို့ ပစ်ပေါက်ထည့်သွင်းရန်အတွက် ထောင်တန် ကျပ်ငွေစက္ကူတစ်ရွက်ဖြင့် အကြွေအနုတ်များလဲယူပြီးနောက် ကျွန်တော်သည် ကျိုးကန်းပါးစပ်ထဲသို့ အကြွေစေ့များ ပစ်နိုင်ရန် နေရာ သို့ ခြေဆယ်လှမ်းမျှ ဆုတ်လိုက်၏။ အကြွေစေ့များ မပစ်ပေါက်မီ ကျွန် တော်သည် လိုရာဆုကို တောင်းလိုက်၏။

"ကျွန်တော်သည် ကျိုက်ထီးရိုး စေတီတော်မြတ်ကြီးအား
၍ ကျိုးကန်းပါးစပ်သို့ မလာမီ ရွှေသက်န်းကပ်လှူခဲ့ပါသည်
၍မှန်သော သစ္စာစကားကြောင့် ကျွန်တော်ရှာနေသော
နန်းရွှေပုဏ္ဏားဘကွန်းအား တွေ့ရမည်ဆိုပါက
ကျွန်တော်ပစ်သော အကြွေစေ့များ ကျိုးပါးစပ်တွင်းသို့
ရောက်ရပါစေသား"

ဟု သစ္စာစကားဆိုပြီးနောက် တစ်ထောင်ဖိုး လဲလာသော အကြွေ စေ့အားလုံးကို ညာလက်ဖြင့် ဆုပ်ကိုင်ကာ ခွန်အားအကုန်သုံးပြီး ကျိုး ပါးစပ်ရှိရာသို့ ပစ်ပေါက်ရန်အတွက် မျက်နှာကို အပေါ်သို့ မော့၍ ကြည့် လိုက်ရာ -

လား လား .. ကျိုးပါးစပ်၏ထိပ် ဦးခေါင်းပေါ်တွင် (နေကသိုက်) နေသော နန်းရွှေပုဏ္ဏားဘကွန်းကို မမျှော်လင့်ဘဲ တွေ့ရှိရလေတော့၏။

အောင်ပါလေ .. မြန်မာ သိန်းတစ်ထောင့်ငါးရာ ဆုပေါက်လျှင် ပင် ၍မျှ ကျွန်တော်ပျော်မည် မထင်။ လက်ထဲတွင် ဆုပ်ကိုင်ထားသော အကြွေစေ့များကို ဝမ်းသာမှု ပီတိအစုဖြင့် ပစ်ပေါက်လိုက်ပြီးသကာလ ကျွန်တော်သည် လာလမ်းမှ ပြန်တက်ကာ နန်းရွှေပုဏ္ဏားဘကွန်းရှိရာ ပြေးသွားမိလေတော့၏။

"ဟိတ်လူ .. ခင်ဗျားက ဘယ်တုန်း"

"ငါ နန်းရွှေပုဏ္ဏားဘကွန်း ဆီသွားမလို့"





"အခု သူနဲ့ တွေ့ခွင့်မရှိ ခင်ဗျား သူနဲ့ တွေ့ချင်ရင် ဟိုး အောက်က လှည်းသွားလမ်းက နတ် ကွန်းမှာ သွားစောင့်၊ တောင်ဆွယ် ဆွယ်ရင် ဆရာကြီး ဆင်းလာ လိမ့်မယ်"

ကလေးတစ်ယောက်က ကျွန်တော့်ကို စီးတားနေ၏။ ထို ကလေးမှာ ဆရာကြီးအား ဆေး ဆေး မီးယူ၊ ကူညီစောင့်ရှောက်နေ ဖြစ်၍ ကျွန်တော် မငြင်းနိုင်၊ ကလေးညွှန်သော နတ်ကွန်းသို့ ဆင်းခဲ့ရတော့၏။

နတ်ကွန်းက ဘုရားနှင့် တော်တော်ဝေးသည်၊ နတ်ကွန်း၏ရှေ့ ခွင် အမျိုးသမီးများ၊ ပလတ်စတစ်ဖျာကိုခင်းလျက် အစားအသောက်များ သောက်ပြီး စောင့်နေကြသည်ကို တွေ့ရလေရာ ကျွန်တော်သည် ဆရာ အတူ ဒီညတွင် ဒီနေရာမှာ အိပ်ရတော့မည်မှာ သေချာနေပြီ ဖြစ်ပေ၏။

နတ်ကွန်း၏နောက်နား ခပ်လှမ်းလှမ်းတွင် နန်းရွှေပုဏ္ဏားဘကွန်း နေကသိုက်ရှုနေပုံ (ဗီနိုင်း)ပန်းချီကားချပ်ကြီးနှင့် ကြော်ငြာကို တွေ့ရ ၏။ ထိုကြော်ငြာနောက်တွင် အမိုးသာလျှင်မိုးထားပြီး အကာ လုံးဝမရှိ သော ကွပ်ပျစ်တစ်လုံး ရှိ၏။ ထိုကွပ်ပျစ်၏ ခေါင်းပိုင်းတွင် ဝါးလုံးဖြင့် အဆင့် ဆင့်လုပ်ထားပြီး ထိုအဆင့်ပေါ်တွင် ငှက်ပျောပွဲ၊ အုန်းပွဲ၊ ကန်တော့ပွဲ ကြက်ကောင်လုံးကြော်၊ မုန့်ဆီကြော်၊ မုန့်လုံးရေပေါ်မုန့်များနှင့် အချို ရည်ပုလင်းအမျိုးမျိုး တွေ့ရသည်။

ထူးခြားသည်မှာ အရက်ပုလင်းတစ်လုံးမှ မတွေ့ရ၊ နေစုန်းစုန်း ချုပ်သွားသောအခါ ဆရာရောက်လာ၏။ တုံကင်ကတ်ပြားယူထားသူများ လှည့်ကျ မေးရန် စောင့်နေကြ၏။

"ဟောခ .. ၁၅/"



www.burmeseclassic.com

www.burmeseclassic.com





"လူဆိုတာ ထူးရင် ထူးရ မယ်၊ ရှူးရင် ရှူးရမယ်ကွ၊ သာမန် လူဆိုရင် ဘယ်သူက ငါ့ဆီ ဗေဒင် လာမေးတော့မလဲ၊ ဒီတော့ သူတို့ အထင်ကြီးအောင် ဆရာက "နေ ကသိုဏ်း" ရှူတယ်ဆိုပြီး ကျိုးပါးစင် ခေါင်းပေါ် တက်ထိုင် နေလိုက်တာ ပဲ၊ ဒီတော့ လူတွေက ငါ့ကို ပုဏ္ဏား ဘိုးတော်ဆိုပြီး ကိုးကွယ်နေကြ တာ ကွ၊ နို့ .. နေစမ်းပါဦး၊ မင်းက ဘာကိစ္စနဲ့ ငါ့ကို လာရှာနေတာ တုန်း"

"မဟုတ်ရပါဘူး ဆရာရယ်၊ ဗေဒင်ဆရာဖြစ်ဖို့ ကျွန်တော့်မှာ ပါရမီ မပါပါဘူး၊ ဒါပေမယ့် .. ဗေဒင်မေးရင် ငွေကုန်မယ် မဟုတ်လား ဆရာ၊ ဒီတော့ ဗေဒင်မမေးဘဲ ယတြာချေနည်းတွေ၊ သာမန်ပြည်သူတွေ သိအောင် လုံးချင်းကလေး ရေးရမလားလို့ ဆရာ"

"မင်း .. ငါလေ .. မပြောလိုက်ချင်ဘူး၊ ဗေဒင်ဆရာရဲ့ ထမင်း လုတ်က မင်းလည်ချောင်းထဲမှာပဲ ရှိသေးတယ်၊ ဗေဒင်ဆရာတွေ ထမင်း ငတ်အောင် မင်းလုပ်နေပြီ"

"ခြော် .. ဆရာရယ်၊ ဆရာက မကောင်းဘက်က တွေးနေတာ ကိုး ဆရာရဲ့၊ ဒီစာအုပ်ကလေးကို ဆရာ့ဓာတ်ပုံကလေးနဲ့ လှလှပပ သေ သေသပ်သပ်ကလေး ရိုက်ထုတ်ပြီး နာမည်လှလှပပကလေး ပေးလိုက်ရင် သာမန် လူပရိသတ်လည်း အကျိုးရှိ၊ ဗေဒင်ဆရာလက်သစ်ကလေးတွေ လည်း ဒီစာအုပ်ဖတ်ပြီး အလွယ်တကူ မဟောနိုင်ဘူးလား ဆရာ"

"ခြော် .. အေး .. ဟုတ်သား၊ မင်းအကြံ မဆိုးပဲကွ၊ ဒါနဲ့ နာမည် က ဘယ်လိုပေးမယ် စိတ်ကူးထားလဲကွ"

"ဗေဒင် ပညာရှင်ကြီးများ၏ လက်တွေ့အောင်မြင်သော ယတြာ များ" ဆိုပြီး ပေးမယ်လို့ စဉ်းစားထားတယ် ဆရာ"







"အပါးပါး .. ကောင်းလိုက်တဲ့ ခေါင်းစဉ်ကွာ၊ ဒါနဲ့ ငါ ဘယ်သူ့ကို မှ မဟောရသေးတဲ့ ယတြာကို မင်းကို ပြောပြရဦးမယ်ကွ"

"ဆရာက ဘာကြောင့် အဲဒီကိစ္စကို လျှို့ဝှက်ထိန်ချန်ထားတာလဲ ဆရာ"

"လျှို့ဝှက်ထားတာလည်း မဟုတ်ဘူး၊ ထိန်ချန်ထားတာလည်း ဟုတ်ဘူး၊ အဲဒီယတြာကို ဟောဖို့ မတိုက်ဆိုင်ဘူးကွ၊ ဒါကြောင့် ဆရာ့ အနေနဲ့ အဲဒီယတြာကို စာပန်းချီ ရေးဆွဲပြီး ငါ့ဟောခန်းမှာ ချိတ်ထားဖို့ လုပ်ထားတယ်ကွ"

"ကြည့်သူ မြင်မယ်၊ မသိသူ ကျော်သွား .. သိသူ ဇော်စားပေါ့ ကွာ၊ မြင်သူ တန်ဖိုးသိရင် ယူကြပေမပေါ့ကွာ၊ ဒါပေမယ့် အဲဒီယတြာကို မင်းစာအုပ်ထဲ ထည့်ရင် သာမန်လူတွေ သိအောင်တော့ မိတ်ဆက်စာရေး ပေးရလိမ့်မယ်ကွ"

"ဘယ်လိုများလဲ ဆရာ"

"အခုလူတွေ ဒေါသ၊ မောဟ၊ လောဘ အမျိုးမျိုးကြောင့် ဒုက္ခ ရောက်ကြတယ်၊ ဆရာ အခု ပြော ပြမယ့် ယတြာကလေးကို နေ့တိုင်း ဂရု စိုက်ပြီး လုပ်ရင်တော့ ဒေါသ၊ မောဟ၊ လောဘတွေ ဘယ်လောက်ရှိရှိ ဘေးဆိုး မဝင်ဘူး၊ စီးပွား မပျက်ဘူး၊ အတိုက်အခိုက်ဘေးက လွတ်မယ်၊ ဒုန်းတိုက်၊ နတ်တိုက် မခံရဘူးကွ"



www.burmeseclassic.com

www.burmeseclassic.com



လည်း တိတ်ဆိတ်လို့ တစ်ရွာလုံးမှာ ကျုပ်တို့နှစ်ယောက်ထဲ ရှိလား ထ
ရတယ်။

"ကျွန်တော်သိတတ်တဲ့အရွယ်ထဲက အမေက ဈေးဝယ်နိုင်
ဈေးဆိုင်က တစ်ခုခု ဆိုင်ရှင်မသိအောင် ယူခဲ့တာ၊ သိသွားရင်လည်း ပြ
ထားခဲ့တယ်။ ဒီလိုနဲ့ အရွယ်ရောက်လို့ အိမ်ထောင်ကျတော့လည်း ကျွ
တော့် မိသားစုကို ကျွန်တော်ကျွမ်းကျင်တဲ့ ငါးရှာ၊ ဖားရှာ ကျွေးတယ်
အစ်ကိုလေး"

"ဒီအကြောင်းကို မိန်းမတောင် မသိဘူး၊ ကျွန်တော်ပြောလည်း
မပြောဘူး။ မိန်းမဆိုတာ စိတ်အခန့်မသင့်လို့ ရန်ဖြစ်ရင် ပေါ်မယ်လေ
နောက်ပြီး သားသမီးတွေလည်း အရှက်ရမှာ၊ ကျွန်တော့်မှာ မခိုးရမနေ
ဘူး .. အစ်ကိုလေး။ ကျွန်တော် စိတ်တင်းပြီး နေကြည့်တယ် .. မရဘူး။ ခ
လို့လည်း မပျော်ဘူး။ စိတ်လည်း တိုတယ်၊ ဘာအလိုမကျမှန်း မသိဘူး
အဲ့ဒီအချိန် သူတစ်ပါးပစ္စည်း နည်းနည်းပဲ ခိုးပြီးရင် နေသာထိုင်သာ ရှိတယ်

"မင်း ဒီလိုစိတ်ပေါ်တာ .. နေ့တိုင်းလား။ ဘယ်လိုအချိန်မှာ ပေါ်
တာလဲ"

ကျုပ်က မေးတာပေါ့။

"နေ့တိုင်း ညတိုင်းလည်း မဟုတ်ဘူးဗျ။ အရင်တုန်းက သ
မထားမိခဲ့ဘူး။ နည်းနည်း စီးပွားရေး အစဉ်မပြေရင် ထွက်ခိုးလိုက်တာပဲ
အစ်ကိုလေး မရှိတုန်းက ရွာထဲမှာ ပစ္စည်းပျောက်ရင် မော်ဝင်းကို ဖမ်း
ဖမ်း၊ သူ့မဖမ်းရင် ကျွန်တော့် ဖမ်းတော့တာပဲ။ မော်နဲ့ ကျွန်တော် ပစ္စည်း
လက်ဝယ် မမိတော့ အနေချောင်နေတယ်၊ ဖမ်းသွားလိုက်၊ ပြန်လွှတ်
လိုက်နဲ့ သံသရာ လည်နေတယ်"

"တစ်ခါတော့ ကျွန်တော် အိမ်ဖောက်ခိုးမှုနဲ့ ထောင်သုံးနှစ် ကျ
သွားတယ်။ လျော့ရက်နဲ့ဆို နှစ်နှစ်လောက် ထောင်ထမင်းစားခဲ့ရ
တယ်။ ခုတော့ ကျွန်တော် အသက်ကလည်း ဒုတိယအရွယ် ရောက်နေပြီ
လေ။ ဆရာတော်ကလည်း ကျောင်းမသွားနဲ့ သွားလို့ တွေ့တာနဲ့ တကာ
မကောင်းတာတွေ စွန့်ပါတော့ .. ကျောင်းက ရိပ်သာမှာ တရားလာထိုင်
ဘုန်းကြီး တာဝန်ယူပါတယ်လို့ ပြောတယ်"







"အစ်ကိုလေးရယ် .. ထောင်ထဲမှာ နှစ် နှစ်
နေရတယ်ဆိုပေမယ့် တရားထိုင်ဖို့ (၇)ရက်ကို
ကျွန်တော် မလုပ်နိုင်ဘူး ဖြစ်နေတယ်။ ခု
လည်း ကျွန်တော် ကုလားတဲ
ကို ဝင်ခိုးတာ တဲထဲက လူ
တွေ အကုန် အိပ်ပျော်နေ
တယ်။ ပစ္စည်းယူပြီးတော့ ပြန်
အထွက် .. သူ့သား ညီအစ်ကို အပြင်က
ပြန်အလာနဲ့ တိုးလို့ .. ထိုးကြိတ်ပြီး လူအလွတ်
ပြေးလာရတာ .. ပစ္စည်းတွေတော့ အကုန်ကျန်ခဲ့
တယ်။

"ဒါကြောင့် မင်းကို ငါ ခဏခဏ ပြောတာ ..
ဒီအလုပ်တွေ မလုပ် နဲ့လို့လေ။ စောစောကထဲက ပြော
ပါလား။ ကျွန်တော် မခိုးရမနေနိုင်ဘူးလို့ မင်းဖြစ်ပုံက
အင်းဝခေတ်က သူခိုးကြီး ငတက်ပြားလို စောရနကွတ်မိ
တာလား။ ဆေးထိုးထားလို့လား ပြောစမ်း ငါ့ကို .."

"ကျွန်တော် ဘာဆေးမှ မထိုးဘူး .. အစ်ကိုလေး"

"ဒါဆို မင်းမွေးတုန်းက စောရနကွတ်နဲ့များ ယှဉ်မွေးလားကွာ။
သူခိုးတော့ သူခိုး .. ငတက်ပြားကြီးလို ဘုရားတကာ သူခိုး ဖြစ်ရင်
ကောင်းမယ်ကွာ"

"ဟာ .. အစ်ကိုလေးကလည်း ကျွန်တော်က ဒီဘဝက လွတ်ချင်
ပါပြီ .. အစ်ကိုလေးရာ။ လပြည့် - လကွယ်နေ့တွေ ရောက်မှာ သိပ်ကြောက်
တာ၊ အဲ့ဒီညတွေမှာလေ .. ဘယ်လိုမှ နေလို့မရဘူး အစ်ကိုလေး"

"နောက်ဆုံး ကိုယ့်အရွယ်နဲ့ စိတ်ထိန်းပြီး အိမ်ရှေ့အိမ်က ခြံကာ
ထားတဲ့ ဝါးလေးပဲ ဖြစ်ဖြစ်၊ စတိခိုးမှ နေသာထိုင်သာရှိတယ်။ ဒီဘဝက
လည်း လွတ်ချင်ပါပြီ အစ်ကိုလေး။ ကျွန်တော် အတတ်နိုင်ဆုံး ရွာထဲက
အိမ်တွေကို မခိုးဘူး .. တခြားမှာ သွားခိုးတယ်"

"မင်း .. အခု ဘယ်ရောက်နေလဲ"



www.burmeseclassic.com

www.burmeseclassic.com





ဒီနေ့ . . မော်ကို မတွေ့၍ ဦးဖင်းလေး ကိုရင် ကျောင်းသားများကို မေးကြည့်ရာ မတွေ့ကြောင်း ပြော၍ ကျောင်းမှ ကပ္ပိယ ဦးချေနီအား ခေါ်၍ သုသာန်သို့ သွားကြည့်ရာ ဂူရှေ့တွင် တဖောင်းလေး လဲလျက် အသက်မဲ့နေသော မော်ဝင်းကို တွေ့ရသည်။

ဦးဖင်းလေး ကိုင်ကြည့်တော့ . . ညဦးထဲက သေနေဟန် တွေ့ရသည်။ ကပ္ပိယကြီးအား သူ့အိမ် အကြောင်းကြားခိုင်း . . ဒီသတင်း ကြား၍ လူ(၃၀)လောက် ထွက်လာသည်။

တစ်ယောက်တစ်မျိုး ပြောကြပြီး အလောင်းအား သုသာန် ဇရပ်ပေါ်မှာပဲ မြင်ဆင်လိုက်သည်။ မြင်ပဒက်ရာ ဘာမျှ မတွေ့ပေ။

ကျူပ်လည်း မော် ဘဝဇာတ်သိမ်းကို ဦးဖင်းလေး ပြော၍ ဇာတ်စုံ သိရသည်။ စိတ်မကောင်းရုံမှလွဲ၍ ဘာမျှ မကူညီနိုင်။ စောရတစ်ယောက် တော့ အသိလေးရမှ ဘဝဇာတ်သိမ်းရတယ်။ ကုလားရမ်းတစ်ယောက် လည်း ဘယ်ရောက်နေမှန်း မသိ။ ဟိုတစ်ခါ ညဘက် လာပြီးထဲက ပျောက် သွားတာ (၃)နှစ်ကျော်ပြီ။ ခုချိန်ဆို လပြည့်လကွယ်တိုင်း အရင်လို . . မမိုးပါနဲ့လို့ ဆုတောင်းပေးနေရတယ်။

တကယ်ပဲ စောရနကွတ်နဲ့များ သူတို့ယှဉ်မွေးတာလား။ ကျူပ် က အဲ့ဒီလောက်တော့ ဉာဏ်မမီဘူးလေ။ ပြောသံကြားဖူးတာ ခု ကျူပ်ပြော နေတဲ့ မော်နဲ့ ကုလားရမ်းက ဘယ်သူက စောရနကွတ်လဲ . . မော်ကတော့ ကျူပ်ကို မပြောပြဘူး။

ကုလားရမ်းကတော့ သူ ဘာကြောင့် နိုးရတယ်။ စီးပွားရေး အဆင်ပြေတဲ့နှစ်တွေလည်း စတိဖြစ်ဖြစ် နိုးရတဲ့အကြောင်း။ လပြည့်(သို့) လကွယ်ရောက်မှာကို အလွန်ကြောက်တဲ့အကြောင်း ပြောသွားပြီး (၃)နှစ်





ကျော်ပြီ . . မတွေ့ရတာ။



**Message: -**

"ကုလားရမ်းရေ . .
မင်း ဒီစာလေးကို ဖတ်မိရင်
ငါ့ဆီကို ဆက်သွယ်ပါ။
ငါထင်ပါတယ် . . ဒီအချိန်
ဆို အရင်အလုပ်တွေ စွန့်ပြီး
ကောင်းရောင်းကောင်း
ဝယ် လုပ်စားနေမှာပါ။
မင်း စိတ်ရင်း ဖြူပါတယ်။
"ဒီ မိုးရ မနေနိုင် . . ဆိုတဲ့
ကျွန်တော်က စောရနကွတ်
လား မသိဘူး . ." ဆိုတဲ့
အစွဲလေး ပျောက်နိုင်အောင် ကြိုးစားပါ။
မင်းရော ငါရော . .
သက်ရှိ ထင်ရှားရှိချိန် တို့ ပြန်ဆုံချင်သေးတယ်။
မင်းဆယ်သွယ်မှာကို ငါ စောင့်နေမှာ . .
မင်း အမြန် ဆက်သွယ်နော် . .
တကယ်မျှော်နေမယ့် မင်းတို့ရဲ့အစ်ကိုလေး"

**သန်လျင် မောင်ကျောက်ခဲ**

❑

www.burmeseclassic.com

www.burmeseclassic.com





ခတ်ပါခြင်းကြောင့် အစာကိုကြေစေနိုင်ပါတယ်။

လေသလိပ်ကို နိုင်ပြီး ဒေါသသုံးပါးကို ငြိမ်းစေပါတယ်။ ခံတွင်း ပျက်ခြင်း၊ ပန်းနာ၊ ချောင်းဆိုး၊ အစာမကြေ ဖြစ်ခြင်း၊ အာခေါင်ခြောက်၊ အာခေါင်ကွဲခြင်းများကို ပျောက်ကင်းပါတယ်။

ကြောင်လျှာပင်က အပွင့်၊ အသီး၊ အရွက်တို့ကို စားသုံးရာမှာ အပွင့်ကို ရေနွေးစိမ်ပြီး အတို့အဖြစ် စားသုံးကြသလို၊ ပုစွန်ခြောက်နှင့်လည်း ကြော်ပြီး စားကြပါတယ်။ ထမင်းမြိန်စေပါတယ်။ နားလေထွက်ခြင်း၊ နားအူခြင်းများကို ပျောက်ကင်းပါတယ်။

ကြောင်လျှာသီးကို ကြော်စားခြင်း၊ အစိမ်းသုပ်စားခြင်း၊ မီးဖုတ်ပြီး မြှုပ်စားခြင်းတို့ဖြင့် နားအူ၊ နားလေးခြင်းတို့ကို ပျောက်ကင်းစေပါတယ်။ ကြောင်လျှာရွက်ကို ပြုတ်တို့ခြင်း၊ ကြော်စားခြင်း၊ သုပ်စားခြင်းများ ပြုလို့ရပါတယ်။

လေဖြတ်ခြင်း၊ ကိုယ်တစ်ခြမ်းသေ၊ တစ်ပိုင်းသေ၊ ထုံကျဉ်နာ၊ ရှိနဲ့ခြင်းတို့အတွက် အမြစ်၊ အခေါက်တို့ကို သွေးလိမ်းရပါတယ်။ ပန်းနာ၊ ချောင်းဆိုး၊ ရင်ကြပ်ခြင်း









တွက် ကြောင်လျှာခေါက်ကို အခြောက်ခံပြီး အမှုန့်ကြိတ်ကာ တစ်ကြိမ် ကော်ဖီဇွန်း တစ်ဇွန်းနဲ့ ချင်း ည်း ပျားရည်တို့နှင့် ရောပြီး လျှက်ပေးခြင်းဖြင့် ပျောက်ကင်းနိုင်ပါတယ်။

အစာမကြေခြင်း၊ ဝမ်းချုပ်ခြင်းတို့အတွက် အခေါက်ခြောက်တို့ကို ရေနွေးနဲ့စိမ်ပြီး ရေကြည်ကို သောက်ရပါမယ်။

အမျိုးသမီးများ မီးဖွားပြီးတဲ့နောက် (၁၅)ရက်အထိ ကိုယ်လက်များ ကိုက်ခဲနာကျင်ခြင်းများအတွက် ကြောင်လျှာခေါက် အခြောက်မှုန့်၊ င်းခြောက်မှုန့်၊ ထန်းလျက် တို့ကို ကြောင်လျှာခေါက် အခြောက်မှုန့်နဲ့ င်းခြောက်အမှုန့်တို့ကို ဆတူ ရောပြီး ထန်းလျက်ကို တစ်ဆတိုးရောပြီး လုံးပြုလုပ်တာ တစ်နေ့ (၃) လုံးကို နံနက်၊ နေ့လယ်၊ ည သုံးကြိမ် ရေကျက်အေးနဲ့ သောက်ပါ။

ကြောင်လျှာသီးအစိမ်းကို ပါးပါးလှီးပြီး ပုစွန်ခြောက်၊ ဆီချက်၊ ကြက်သွန်ကြော်၊ နမ်း၊ ကြက်သွန်စိမ်းတို့နဲ့ သံပရာရည်ညှစ်ပြီး သုပ်စားပါ က အနာငန်းမန်းလိုက်ခြင်းများ ပျောက်ကင်းပါတယ်။

အာခေါက်ခြောက်ခြင်း၊ အာခေါင်ကွဲခြင်းတို့ကို ကြောင်လျှာရွက် င်း ကြောင်လျှာခေါက်တို့ကို ထုရိုက်ခြေမွ၍ ရေစိမ်ပြီး ငုံပေးခြင်း၊ ပလုပ်ကျင်းခြင်းများ ပြုလုပ်လျှင် ပျောက်ကင်းပါတယ်။ အထူးသဖြင့် ကြောင်လျှာခေါက်ကို ရေနှင့်သွေးပြီး တိုက်ပေးပါက ရွဲကျပ်ခြင်း ပျောက်ကင်းပါတယ်။

ကြောင်လျှာပင်ရဲ့ ဆေးဖက်ဝင်ခြင်းများကို ပိုသိရှိအောင်လေ့လာပြီး သင့်တော်တဲ့ သုံးစွဲခြင်းဖြင့် ဝေဒနာများ ကင်းဝေးကြပါစေ။

❑

www.burmeseclassic.com

www.burmeseclassic.com



အားကြီးစွာဖြင့် ဖဝါးနင့်တင်ပါး တသားတည်း ကျအောင် ပြေးသွားပါ တော့သည်။

တစ်ရှိန်လုံး ထချည် . . တစ်ခါ၊ ထိုင်ချည် တစ်လှည့်ဖြင့် စောင့် နေရရှာသော ကျင်စိန်တပည့်၊ ဟုတ်စိန်သည် ယခုလို သူ၏ဆရာဖြစ်သူ သည် လက်ပြတ်တန်းလန်းကြီးနှင့် ကမျောသောပါး ထွက်လာပြီး ဖဝါးနှင့် တင်ပါး တစ်သားတည်းကျအောင် ပြေးသွားသောအခါ . .။

ဟုတ်စိန်လည်း မနေသာတော့၊ ဘာရယ်၊ ညာရယ် မသိ၊ ရော ၍ ယောင်၍ ဆရာ့နည်းတူ ဖဝါးနှင့်တင်ပါး တစ်သားတည်းကျအောင် ဆရာ နောက်သို့ ပြေးလိုက်ပါတော့သည်။

ပြေးရင်းလွှားရင်းလည်း လက်ပြတ်ကြီးကို ခါခါချနေမိသည်။ လက်ပြတ်ကြီးသည် ကွာမကျနိုင်၊ နိုင်နေသည် ထင်၏ ၊ အတော်လှမ်း လှမ်း၊ ဝေးဝေးကြီး တစ်နေရာ လယ်ကွင်းအစပ်ရောက်မှ မခါချဘဲနှင့် ကွာ ကျလေတော့သည်။

အကြိမ်ကြိမ် အခါခါ ခွာချခဲ့စဉ်က ကွာမကျခဲ့၊ အခုမှ မခွာရဘဲ ကွာကျလာသည့်အဖြစ်က အဆန်းသား၊ အံ့ဩစရာလည်း ကောင်းလှ ပါဘိတော့၊ သည်တော့မှ ဆရာဖြစ်သူ ပေါက်ဖော်ကျင်စိန်သည် လူချော စိတ်ပေါ့ ဖြစ်သွား၏ ၊ လူလန်း၊ စိတ်လန်း ဖြစ်နေပြီး လက်ပြတ်ကြီးမှ ခြေ တော့ဘဲကိုး။ သို့သော် . . ကြောက်စိတ်က မပြယ်သေး၊

ဂမ္ဘီရဆန်လွန်းသော ထူးခြားဆန်းကြယ်လှသော လွန်စွာမှလည် ကြောက်စရာကောင်းလွန်းသော ကိုယ်တွေ့ကြုံ၊ ဖြစ်ရပ်မှန် ဇာတ်လမ်း ကို ပေါက်ဖော်ကျင်စိန်သည် တပည့်ဖြစ်သူ ဟုတ်စိန်ကို လမ်းသွားရင်း ပြောပြလိုက်သောအခါ . .။

နားထောင်နေသူ ဟုတ်စိန်သည် ကိုယ်တွေ့ကြုံသူ ကျင်စိန် ထက် နားထောင်ရင်း . . နားထောင်ရင်း၊ လမ်းသွားရင်း . . လမ်းသွားရင်း အကြောက်တရားတွေပိုခါ၊ ကြောက်ရှိုးများ ပါကုန်ပါတော့သည်။

သည်လိုနှင့်ပင် မြို့ပေါ်ရှိ အိမ်သို့ ရောက်သွားကြပါတော့သည်။

မိအေးနစ်ခါ နာရုံသာမကဘူး၊ သုံးခါပဲ နာနာ၊ နာချင် နာပါစေ တော့၊ ဝက်နစ်ကောင်ဘိုး ပြန်မရလည်း နေပါစေ၊ ဆုံးရင်လည်း ဆုံးပါစေ





တော့၊ ဂါတ်လည်း မရောက်ချင်ဘူး၊ ရဲနဲ့လည်း မျက်နှာချင်း မဆိုင်ချင်ဘူး။ အမှုလည်း မပါတ်ချင်ပါဘူး၊ သခဲ ရုပ်ပေါက်နေတဲ့ သူတော်မျက်နှာလည်း နစ်ခါ ပြန်မကြည့်ပါရစေနဲ့တော့ . .”

ဟု အကြောက်ကြီး ကြောက်၊ အလန့်ကြီး လန့်ပြီး ရင်ထိတ်၊ သည်းတုန်ဖြစ်ခဲ့ကြသော ပေါက်ဖော် ကျင်စိန်နှင့် ဟုတ်စိန် . . ဆရာတပည့် နှစ်ယောက်တို့သည် သူတော်ဆီသို့ ဘယ်သောအခါမှ ပြန်သွားကြတော့ ည် မဟုတ်ရေ။

မြွေပါလည်း ဆုံး၊ သားလည်း ဆုံးချင်၊ ဆုံးပါစေတော့လေ၊ သူ တော်ဆီသို့ မသွားရေးရျ မသွားတော့ဟု ဆုံးဖြတ်ချက် ချလိုက်ပါတော့ သတည်း။

❖

ပထမဆုံးအကြိမ်နှင့် နောက်ဆုံးအကြိမ်အဖြစ် ပဥ္စလက်နည်း၊ ည့်စားခြင်း အတတ်ပညာဖြင့် ပြုလုပ်လိုက်ရခြင်းကြောင့် သူတော်၏ ခင်ထဲတွင် စိတ်မကောင်းခြင်း များစွာ များစွာဖြင့် . .။

တ်ချက်၊ ။ ဟိုး . . . လွန်ခဲ့သော အချိန်ကာလ၊ စာရေးသူ မူလ န်းကျောင်းသားဘဝ ရှိစဉ်က အဖိုးပြောပြခဲ့ဖူးသော ဖြစ်ရပ်မှန် ဇာတ် မ်းသည် ဂမ္ဘီရ ဆန်လွန်းသည်။

ထူးခြားဆန်းကြယ်လွန်းသည်၊ လျှို့ဝှက် နက်နဲသည်၊ န်စွာမှလည်း ကြောက်စရာကောင်းလွန်းနေသည်၊ အံ့ဩစရာ ကောင်း န်းပါဘိ၊

သည်ကြောင့် အဖိုးကို သတိရခြင်း များစွာ၊ များစွာဖြင့် ဤသို့ မှတ်တမ်းတင်၍ ဇာတ်လမ်းဆင် ရေးသားအပ်ပါသည်၊

သုစိ အဏ္ဏာန် ပရိဟာရ
**မောင်လေးအောင်(သင်္ချိုင်)**

❑



www.burmeseclassic.com

www.burmeseclassic.com



"မပေးနိုင်ဘူး . .
မောင်လေးအတွက်ပဲ
ကျန်တော့တယ်"
"နင့် လင်ငယ်ကျတော့
စေတနာရှိတယ်ပေါ့ . . ငါ့ကျတော့
စေတနာ မရှိဘူးပေါ့ . . ဟုတ်လား"

"ကိုဝင်းအောင် . . ခင်ဗျား ရာထူးတက်လို့ ပဲခူးကိုပြောင်းရမယ်၊ ခင်ဗျားကို ဂုဏ်ပြုပါတယ်"

"ဘယ်တော့ ပြောင်းရမလဲ"

"ဒီလကုန် ပြောင်းရလိမ့်မယ်၊ ခင်ဗျား မရှိတော့ ကျွန်တော်တို့ ပျင်းနေမှာပဲ"

ကိုဝင်းအောင်မှာ ဌာနတစ်ခုမှ အရာရှိတစ်ဦးဖြစ်သည်၊ ယခု ရာထူးတက်၍ ပဲခူးသို့ ပြောင်းမိန့်ကျလာသည်၊ ကိုဝင်းအောင် အလုပ်ဆင်း သည်နှင့် အိမ်ကိုပြန်လာသည်၊ အိမ်ရောက်ရောက်ချင်း သူပြောင်းရမည့် အကြောင်း သူ့ဇနီးအား ပြောလိုက်သည်၊

"ကျွန်မတို့ ဘယ်တော့ ပြောင်းရမှာလဲ"

"ဒီလကုန်ရင် ပြောင်းရမယ်၊ မင်းသိမ်းစရာရှိတာတွေကို အခု ကတည်းက သိမ်းထားလိုက်တော့"

ကိုဝင်းအောင်ဇနီး မလေးရွှေမှာ ဒီအိမ်က မပြောင်းချင်၊ ဒါပေ မယ့် သူ့ ယောကျ်ားသွားတဲ့နောက် သူလိုက်ရမည်၊ ကိုဝင်းအောင်တွင် သားနှင့်သမီး နှစ်ယောက်ရှိသည်၊ တစ်ယောက်မှ ကျောင်းမနေသေး



ကျန်သောအခါ ကိုဝင်းအောင်တို့မိသားစု ပဲခူးကို ပြောင်းလာကြသည်၊

ပဲခူးရောက်တော့ သူတို့ဌာနကပေးထားသော တိုက်ခန်းတွင် နေကြသည်၊ သူတို့နေရမည့် တိုက်ခန်းမှာ နှစ်ထပ်တိုက်ကလေး ဖြစ်ပြီး အခန်းတွေ အများကြီးရှိသည်၊ မြို့ကြီးမှာလည်း အကျယ်ကြီးပါ၊ သူတို့နေရသော ရပ်ကွက်မှာ ဆိတ်ငြိမ်၍ တိတ်ဆိတ်နေသည်၊

နားအေးပါးအေးနေတတ်သော ကိုဝင်းအောင်တစ်ယောက်၊ ဒီအိမ်ကို သဘောကျသွားသည်၊

"မိန်းမ . . ဒီတိုက်ခန်းကို သဘောကျလား"

"သဘောကျပါတယ် . . တိတ်ဆိတ်နေတာပဲ"

ကိုဝင်းအောင်တို့ လင်မယား၊ ထိုအိမ်ရောက်မှ စိတ်ချမ်းသာနေကြသည်၊ ယခင်နေခဲ့တဲ့အိမ်က ကျဉ်းပြီး အိမ်ချင်းကပ်နေသဖြင့် ဆူညံနေသည်၊ ဒီအိမ်ရောက်မှ နားအေးသွားသည်၊ ကိုဝင်းအောင်မှာ ခွင့်တစ်လ ယူ၍ ရုံးစတက်ရသည်၊

ရုံးကဝန်ထမ်းတွေအားလုံးကလည်း ကိုဝင်းအောင်ကို လူသစ်ဟု သဘောမထားဘဲ ခင်မင်ရင်းနှီးစွာ ဆက်ဆံကြသည်၊ ကိုဝင်းအောင် အလုပ်စဆင်းသည့်နေ့မှစ၍ မနားရပါ၊ အိမ်ကိုမိုးချုပ်မှ ပြန်ရသည်၊

"မိန်းမ . . ကိုယ် ဒီနေ့ အိမ်ပြန်နောက်ကျမယ်၊ အလုပ်မပြီးသေးလို့မှာ အိပ်ရင် အိပ်ရမယ်၊ ကိုယ့်ကို စောင့်မနေနဲ့ . . အိပ်နှင့်ကြနော်"

"ကျွန်မတို့အတွက် စိတ်မပူပါနဲ့၊ အလုပ်ကို စိတ်ချလက်ချသာ လုပ်ပါ"

"ကဲ . . ကိုယ်သွားတော့မယ်နော်၊ တံခါးကို သေချာပိတ်ထားဦး"

"ဟုတ်ကဲ့ . ."

ကိုဝင်းအောင် မှာစရာတွေမှာ၍ ရုံးကိုထွက်ခဲ့သည်၊ မလေးရွှေ တစ်ယောက် ည(၇)နာရီထိုးသောအခါ ကလေးတွေကို ထမင်းကျွေး လိုက်သည်၊ သူကတော့ ကိုဝင်းအောင်ကို စောင့်ရင်း(၈)နာရီထိုးသော အခါ ကိုဝင်းအောင်ကိုမစောင့်တော့ဘဲ၊ ထမင်းစားလိုက်သည်၊

ည(၉) နာရီထိုးသောအခါ ကလေးတွေကို သိပ်ပြီး သူကတော့ မအိပ်သေးဘဲ ကိုဝင်းအောင်ကို စောင့်ရင်း စာဖတ်နေသည်၊ ည(၁၀)နာရီ



www.burmeseclassic.com

www.burmeseclassic.com





ရောက်တော့ အိပ်ချင်လာ
သည်၊

"အင်း . . ဒီအချိန်
ရောက်မှတော့ သူ မလာတော့
ပါဘူး၊ ငါလည်း အိပ်ချင်လာ
ပြီ၊ မစောင့်တော့ဘူး"

မလေးရွှေ တံခါးတွေ
အကုန်ပိတ်ပြီး အိပ်ရာဝင်ခဲ့
သည်၊ မီးတွေကို ဖွင့်ထားသည်၊
မလေးရွှေ မှေးခနဲ အိပ်ပျော်
သွားသည်၊ ဘယ်လောက်
တောင် အိပ်ပျော်သွားမှန်းမသိ၊
မလေးရွှေ စိတ်ထဲ သူ့ကို တစ်စုံ
တစ်ယောက်က ကြည့်နေသလို ခံစားရသည်၊

သူ လန့်ပြီး မျက်လုံးဖွင့်ကြည့်လိုက်ရာ သူ့အား လူတစ်ယောက်က အခန်းဝတွင် လက်ထောက်၍ ကြည့်နေသည်၊ အသားက မဲမဲ၊ ဆံပင်က တစ်ခေါင်းလုံး ကောက်နေသည်၊ အပေါ်ပိုင်း ဗလာအောက်ပိုင်းက ဘောင်းဘီတိုဝတ်ထားသည်၊

သူ့ကို ရီပြုံးပြီး ကြည့်နေသည်၊ သွားတွေက ဖွေးပြီးဖြူနေသည်၊ သူ့တစ်ကိုယ်လုံးမှာ သွားတွေက အပေါ်ဆုံးဖြစ်သည်၊ မလေးရွှေ လန့်ပြီး အော်လိုက်သည်၊

"အမလေး . ."

မလေးရွှေ အော်ပြီး မျက်လုံးမှိတ်ထားလိုက်သည်၊ တစ်အောင့်ကြာတော့ မလေးရွှေ မျက်လုံးဖွင့်ကြည့်လိုက်တော့ သူ့ကို မတွေ့ရတော့ပါ၊ သူ အခန်းပြင်ထွက်ကြည့်သော်လည်း အရိပ်အယောင်တောင် မတွေ့ရပါ၊ တံခါးတွေကို လိုက်ကြည့်သော်လည်း တံခါးတွေ အကုန်လုံး ပိတ်ရက် တွေ့ရသည်၊ သူ ပြန်အိပ်၍ မရ၊ နာရီကြည့်လိုက်တော့ (၄)နာရီ ထိုးနေပါပြီ၊





ထို့ကြောင့် ပြန်မအိပ်တော့ဘဲ ထမင်းအိုးတည်ထားပြီး လုပ်စရာရှိသည်များကို လုပ်ရင်း မိုးလင်းလာသည်၊ နံနက်(၇)နာရီထိုးတော့ ကိုဝင်းအောင် ရောက်လာသည်၊ မလေးရွှေ ညက အဖြစ်ကို ကိုဝင်းအောင်ကို မပြောဘဲ ထားလိုက်သည်၊ ပြောရင်လည်း ယုံမည်မဟုတ်ပါ၊

နောက်နေ့တွေ ကိုဝင်းအောင် ရုံးက စောစောပြန်လာ၍ တော်သေးသည်၊ အဲဒီနောက် သူ့ကို မတွေ့ရတော့ပါ၊ ဒါပေမယ့် သူ့ပုံရိပ်က မလေးရွှေမျက်စိထဲ ဆွဲနေသည်၊ တခြား သူတို့မိသားစုကို နှောင့်ယှက်သည်မျိုး မရှိပေ၊

နောက်နှစ်လကြာသောအခါ ရုံးက ကိုဝင်းအောင်ကို ရန်ကုန်ရုံးသို့ ရုံးကိစ္စဖြင့် သွားရန် တာဝန်ပေးသဖြင့် မနက်ဖြန် ရန်ကုန်သွားရန်အတွက် အိမ်ကို အစောကြီး ပြန်လာသည်၊

"ကိုဝင်းအောင် . . ရှင် အိမ်ကို ပြန်လာတာ စောလှချည်လား"

"ကို . . မနက်ဖြန် ရန်ကုန်ရုံးကို ရုံးကိစ္စနဲ့ သွားရမယ်"

"ဘယ် နှစ်ရက်ကြာမှာလဲ"

"အဲဒါတော့ ပြောလို့မရဘူး၊ ရုံးကိစ္စပြီးမှ ပြန်လာရမှာ . . ကလေးတွေကို ဂရုစိုက်နော်"

"စိတ်ချပါ . . ရှင်သာ ကျန်းမာရေးကို ဂရုစိုက်"

ကိုဝင်းအောင် နောက်နေ့မနက်အစောကြီး ရန်ကုန်ကို ထွက်သွားသည်၊ အိမ်တွင် မလေးရွှေတို့ သားအမိသုံးယောက်သာ ကျန်ခဲ့သည်၊ ည(၇)နာရီ သားအမိသုံးယောက်၊ ထမင်းစားပြီး ကလေးတွေက စာကျက်နေပြီး မလေးရွှေက စာဖတ်နေသည်၊ ည(၁၀)နာရီထိုးတော့ မလေးရွှေ အိပ်ချင်လာသည်၊

"ကလေးတွေက မအိပ်ကြသေးဘူးလား၊ အမေ အိပ်ချင်လာပြီ"

မလေးရွှေ အိမ်တံခါးတွေ အကုန်ပိတ်ပြီး ကလေးတွေကို ခေါ်၍ အိပ်ရာဝင်ခဲ့သည်၊ မလေးရွှေ အိပ်၍ မကြာသေး . . လန့်ပြီး နိုးလာသည်၊ သူ မျက်စိကိုဖွင့်ကြည့်လိုက်တော့ သူ့မျက်နှာပေါ် မိုးပြီး လူတစ်ယောက် ပြုံးပြီး ကြည့်နေသည်ကို မြင်လိုက်ရသဖြင့် လန့်အော်လိုက်သည်၊

"အမလေး . . လုပ်ကြပါဦး"

www.burmeseclassic.com



ကြီးသိန်းဝင်းဦးဟာ စကားဖြတ်ပြီး ထွက်သွားပါတယ်။ ဆင်ပေါက်ကြီးကို ခေါ် .. စက်ခေါင်းမောင်းတွေကို မိနစ်ပိုင်းစောင့်ဖို့ သွားပြောတာပါ။

ဗိုလ်ကြီးသိန်းဝင်းဦးနဲ့ ကပ်ပါလာတဲ့ ဆင်ပေါက်ကြီးဟာ စောစောကလိုပဲ ရထားပြူတင်းပေါက်ကတဆင့် နှာမောင်းကြီးထိုးသွင်း ရဲဘော်တွေက နှုတ်ဆက်ရင်း -

"ချစ်ပို ကံမကုန်ရင် ပြန်ဆုံတာပေါ့ကွာ"

"လိမ်လိမ်မာမာ နေနော်"

"နောက်ရောက်တဲ့ ရဲဘော်တွေနဲ့ အဆင်ပြေအောင် ပေါင်းပါ .. ချစ်ပိုရယ်"

ဆင်ပေါက်ကြီး မျက်ရည်တွေ ယိုစီးရင်း ခေါင်းငြိမ့်ပါတယ်။ ရဲဘော်တွေ မျက်ဝန်းမှာလည်း မျက်ရည်စတွေနဲ့ပေါ့။

"ချစ်ပို .. သားကြီးအတွက် နေရေး ထိုင်ရေး စားရေး သောက်ရေး အကုန်လုံး ဒီက ဗိုလ်ကြီးကို မှာခဲ့တယ်။ ငါ့သားကြီး ဘာမှမပူနဲ့ .. တို့တွေ မျက်ရည်မကျချင်ဘူး"

ဗိုလ်ကြီးသိန်းဝင်းဦးဟာ ဆင်ပေါက်ကြီး ခေါင်းကို ပွတ်သပ်ရင်း သူ့သားသမီးကို အမှာစကားပြောသလို ပြောနေချိန်မှာတော့ ဆင်ပေါက်ကြီးဟာ လေးကန်တဲ့ လှုပ်ရှားမှုနဲ့ ခေါင်းငြိမ့်ပါတယ်။

တိရစ္ဆာန်မချစ်တတ်တဲ့ ကျွန်တော်ဟာ လူနဲ့ တိရစ္ဆာန်ကြား အပြန်အလှန်ထားရှိတဲ့ သံယောဇဉ်ကိုတော့ အသိအမှတ်ပြုရပါတော့တယ်။


ကျွန်တော့်တာဝန်က ဒီဆင်ပေါက်ကြီးကို စစ်ဆင်ရေးကာလတစ်လျှောက် စားရေး သောက်ရေး တာဝန်ယူရတော့မှာဖြစ်လို့ လတရ ၁ က ရဲဘော်တွေလို ကျွန်တော့်ရဲဘော်တွေကို သံယောဇဉ်ထားရင်တော့ အခန့်မသင့်လို စိတ်ရိုင်းဝင်ရင် ကိုယ့်ဆင်ဦးစီးကိုတောင် နင်းသတ်တဲ့ အဖြစ်အလာကို သတိထားမိတော့လဲ ဝန်ထုတ်ဝန်ပိုးကြီး ရွက်ရတော့မှာပါလား အသိစိတ်ကြောင့် စိုးရိမ်မိတာတော့ အမှန်ပါပဲ။

❖

ဆင်ပေါက်ကြီးကို လွန်ခဲ့တဲ့ ငါးနှစ်လောက်က ဗိုလ်မှူးကြီး







လှအောင်ဦးစီးတဲ့ ဆင်ဖမ်းအဖွဲ့က မေ့ဆေးသေနတ်နဲ့ ပစ်ခတ် ဖမ်းဆီးခဲ့တာပါ။ အရိုင်းကို ဆင်ယဉ်တွေနဲ့ ယဉ်ပါးအောင်သင် .. ရုန်းကန်လို့ ပေါက်ပြဲတဲ့ အနာတွေပျောက် .. ဆင်ယဉ်ဖြစ်လာတဲ့အချိန်မှာတော့ လုပ်ငန်းခွင် အသုံးမဝင်တဲ့ ဆင်ဖြစ်နေပါတယ်။

ကနဦး တောသဘာဝအတိုင်း နေစဉ်က သစ်ငုတ်စူး ခံထားရတာကြောင့် ပိုးတွယ် လောက်ကိုက် အနာရင်း .. ရောဂါဟောင်းက ခြေတစ်ဖက်သိမ်နေ ဆတ်တောက် ဆတ်တောက်ဖြစ်နေလို့ စခန်းထိုင် တပ်ခွဲမှူးကို အပ်နှံရာက ပြန်မတောင်းတော့ဘဲ ရဲဘော်တွေနဲ့ ချစ်ခင်ကြင်နာခြင်း သံယောဇဉ်တွေ ရှည်လျားပြီး ကျွန်တော့်လက်ထက်ထိတိုင်အောင် ဝင်းမှူး- ဝင်းပိုင်ကြီး ရာထူး ဆက်ခံနေခြင်းပဲ ဖြစ်ပါတယ်။

ကျွန်တော် မရမ်းစခန်းကို လက်ခံပြီး တစ်ပတ်ကြာအထိ လတရ (၁)က ရဲဘော်တွေနဲ့ ဆင်ပေါက်ကြီး ဘာကြောင့် ဒါလောက် သံယောဇဉ်ကြီးရလဲဆိုတာ စဉ်းစားပါတယ်။ မရမ်းရွာခံတွေဆီကလည်း မေးမြန်းပြီး အဖြေရှာပါတယ်။ ဖြစ်နိုင်ခြေရှိတာတွေ သိရသလို၊ ယုတ္တိမတန်တာတွေလည်း သိရပါတယ်။

နောက်တန်းပြန် လတရ(၁)မှာ မရမ်းရွာသူ ငါးယောက်ပါသွားပါတယ်။ အဲ့ဒါ ဆင်ပေါက်ကြီး အောင်သွယ်ပေးတာပါတဲ့။

ကျွန်တော်တို့ မရမ်းရွာတပ်စခန်းဟာ မရမ်းရွာကြီးရဲ့ တောင်ဘက်၊ မန္တလေး - မြစ်ကြီးနား ရထားလမ်းရဲ့ အနောက်ဘက်မှာ တည်ရှိပါ

www.burmeseclassic.com



တစ်ချောင်းကို လက်တွင် ကိုင်ထားသော်လည်း လှုပ်ရှားသွားလာဟန်က ဘွတ်လက် မြန်ဆန်လှသည်။ ဦးကောင်းကျော်က ပြရာ အကြည်တော်မင်းခန့်က မြင်ကြောင်း အသိအမှတ်ပြုသည်။ နှစ်ဦးသား အမီလိုက်သော်လည်း မမီနိုင်ချေ။

နေမြင့်လာပြီး ဗိုက်ကဆာလာသဖြင့် ခေတ္တရပ်ပြီး ဦးကောင်းကျော်က ကျောပိုးအိတ်ကို ဖြုတ်လိုက်သည်။

"ခင်ဗျား အဆာပြေစားနင့်ဗျာ .. ကျွန်တော် အမီလိုက်ဦးမယ် .. ဘယ်နနာရီ ရှိပြီလဲ"

"ဆယ့်တစ်နာရီခွဲဗျ .. ဝေးဝေးမသွားနဲ့ဗျို့ လူကွဲသွားရင် .. ကျွန်တော် မသွားတတ်ဘူးနော်"

"စိတ်ချပါဗျာ .. ခင်ဗျား မြင်ကွင်းမှာ ရှိမှာပါ"

အကြည်တော်မင်းခန့်က ပြောပြောဆိုဆိုဖြင့် သွက်လက်စွာ ထွက်ခွာသွားသည်။ အကြည်တော်၏ သွားနှုန်းက မယုံနိုင်စရာကောင်းအောင် လျှင်မြန်သည်ဟု ထင်မိသည်။ မကြာမီ မြင်နေရသော ရဟန်းကို အမှီ လိုက်နိုင်သည်။ အကြည်တော်သည် ဝတ်ပြုပြီး သူ့၏ လွယ်အိတ်တွင်းမှ တစ်စုံတစ်ခုကို ထုတ်ယူသည်။

သူ့တွင်ပါသော သက်သတ်လွတ် ဆွမ်းနင့် ရေစင်ကို ကပ်လှူနေခြင်း ဖြစ်သည်။ ရဟန်းတော်သည် မတ်ရပ်လျက် ဘုန်းပေးသည်လား ..၊ လက်ခံသည်လား မမြင်ရချေ။ ရဟန်းတော် ကွယ်နေသဖြင့် မြင်ကွင်းပျောက်နေသည်။ များစွာ မကြာမြင့်သောအချိန်တွင် ဦးကောင်းကျော်က ထလိုက် သွားသည်။ အကြည်တော် မင်းခန့်ကဲ့သို့ ရဟန်းတော်ကို ဖူးမျှော်လို၍ ဖြစ်သည်။

သို့သော် ခရီးတစ်ဝက်ခန့်တွင် ရဟန်းတော်က ဆက်လက် ကြွမြန်း သွားလေပြီ။ အကြည်တော်မင်းခန့်က ဦးခိုက်မာန်လျော့ ဝတ်ပြုလျက် ကျန်ခဲ့သည်။ ဦးကောင်းကျော် ရောက်သောအခါ အကြည်တော်မင်းခန့်သည် တစ်စုံတစ်ရာကို ရွတ်ဆိုရင်း ဝတ်ပြုနေသည်ကို တွေ့ရသည်။

ဦးကောင်းကျော်က အနှောင့်အယှက် မဖြစ်စေလိုသဖြင့် အသာငြိမ်ပြီး ရပ်နေသည်။ အတန်ကြာမှ အကြည်တော်မင်းခန့်က သူ၏ ဆွမ်းကပ်



ထူးခြားဆန်းကြယ်ဂန္ထာရီစရီး (၂)



သည့် ပစ္စည်းများကို သိမ်းယူပြီး သက်သတ်လွတ် ဖြောင်းဆန်နင့်ရေကို အနည်းငယ် မှီဝဲရင်း ထရပ်သည်။

"ခင်ဗျားက ရဟန်းတော်ကို ဖူးလိုက်ရတယ် .. ကျွန်တော်က မမှီလိုက်ဘူးဗျ။ ခင်ဗျား ဘာတွေ ရွတ်နေတာလဲ"

"ဂါထာတစ်ပုဒ်ပါ .."

"စောစောက ရဟန်း ချီးမြှင့်သွားတာလား .. ကျွန်တော် သိခွင့်ရှိရင် ရွတ်ပြပါဦးဗျာ"

အကြည်တော်က မဆိုင်းမတွ ရွတ်ဆိုပြသည်။

"ဧက စိတ္တံ ဝိစိန္တေတွာ၊ ဧက ဓမ္မံ သုနိ
သာတိ၊
သေကေ သေမော လောကေ၊ ဧက
ရာဇာတိပါက ဓော၊
သေတိ သမ္မာ သမ္ဗုဒ္ဓံ၊ သေတိ ဓမ္မ မုတ္တမံ၊
သေတိ မဂ္ဂ မုဂ္ဂယှ၊ သေတိပန ဝေနမော"

ဦးကောင်းကျော်သည် နှုတ်တိုက် လိုက်ပါ ရွတ်ဆိုသည်။

သုံးကြိမ်ခန့် ရွတ်ဆိုပြီးသောအခါ အလွတ်ရလုနီးနီး ဖြစ်သွားစဉ် တစ်စုံတစ်ခုကို သတိရသွားသည်။ ဦးကောင်းကျော်သည် ကြက်သီးမွေးညှင်းများ တဖြန်းဖြန်းထလာသဖြင့် အကြည်တော်မင်းခန့်ကို တအံ့တသြ မေးမိသည်။

"ဒီဂါထာကို ကျွန်တော် မှတ်မိ ရွတ်ဆိုဖူးသလိုပဲ"

"ခင်ဗျား ရွတ်နေကျ ဂါထာဖြစ်နေလို့လား"

"မဟုတ်ဘူး .. ဒါပေမယ့် ဒီဂါထာက ဖားမဲ့ဆရာတော်ကြီးရဲ့ သမိုင်းဝင် ဂါထာတော်"

အကြည်တော်မင်းခန့်က မအံ့သြသလို တိတ်တဆိတ်နေသည်။



www.burmeseclassic.com

